# နအဖနှင့် ဒီကေဘီအေ ထိုးစစ်ကြောင့်
# ကရင်ရွာသား ၂၀၀၀ကျော် ထိုင်းဘက်ကမ်းသို့ထွက်ပြေးလာ

မေလ ၅ရက်။ နန်းဖော့ဂေ (ကေအိုင်စီ)



ထိုင်းဘက်ကမ်းရောက် လယ့်ဘော်ဟဲပြည်တွင်းဒုက္ခသည်များ (ဓာတ်ပုံ–ကေအိုင်စီ)

နအဖနှင့် ဒီကေဘီအေ ပူးပေါင်းတပ်ဖွဲ့သည် ဖွန်လဆန်းပိုင်းမှစ၍ ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ)၏ တပ်မဟာ(၇)နယ်မြေကို ထိုးစစ်ဆင်တိုက်ခိုက်လာသည့်အတွက် ကရင်ရွာသူရွာသား ၂,၀၀၀ကျော်မှာ ထိုင်းဘက်ကမ်းသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။

မိသားစုအလိုက် ထွက်ပြေးလာသော အဆိုပါရွာသားများသည် ဖားအံခရိုင်၊ ပိုင်ကျုံမြို့နယ်ရှိ ဝါးမီကလားကျေးနယ်၊ မဲလာအားခီး၊ မဲလာအားထာ၊ ထီးကပော၊ ဆေဖိုးခီးနှင့် လှိုင်းဘွဲမြို့နယ် ခလယ်ဒေးကျေးနယ်ရှိ လယ်တူဝေါ်၊ ခလယ်ခို့များမှဖြစ်ကြပြီး ထိုင်းဘက်ကမ်းရှိ တိုးထဲ့၊ အူးသူးထဲ့၊ နိုဘိုးအင်တော၊ လယ့်ဘော်ဟဲ၊ ခလယ့်ခို့နှင့် မဲ့တရီနေရာများသို့ ရောက်ရှိခိုလှုံလျှက်ရှိသည်ဟု ကေအဲန်ယူ၏ ပိုင်ကျုံမြို့နယ် ဥက္ကဌ စောဘာတီဖိုးက ပြောသည်။

ထွက်ပြေးလာသူ မဲလာအားခီးရွာသူကြီး စောတင်လှက "လွန်ခဲ့တဲ့ သုံးရက်ကတည်းက ဗမာစစ်တပ်နဲ့ ဒီကေဘီအေက တက်လာတော့မယ်ဆိုတာ ကြားတာနဲ့ ညနေပိုင်းမှာ ကျနော်တို့တရွာလုံး ဘာမှတောင် မယူအားတော့ဘဲ အဝတ်တထည် ကိုယ်တခုနဲ့ ထွက်လာခဲ့တာပဲ။ သူတို့က တိုက်ပွဲဖြစ်ရင် ကျနော်တို့ကို ပေါ်တာခေါ်တယ်။ နှိပ်စက်တယ်။ သတ်တဲ့အထိတောင် လုပ်ခဲ့ဘူးတော့ ကျနော်တို့ ရင်မဆိုင်ရဲတော့လို့ အခုလို ထွက်ပြေးလာရတယ်"ဟု ကရင်သတင်းစဉ်ကို ပြောသည်။

ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင်၊ ထာ့ဆောင်ယန်းမြို့နယ်အတွင်းသို့ ထွက်ပြေးလာသည့် ကရင်ရွာသူရွာသားများထဲတွင် လသားအရွယ် ကလေးငယ်များ၊ သားသည်မိခင်များ ပါဝင်ပြီး ၎င်းတို့ ထွက်ပြေးတိမ်းရှောင်လာချိန်သည် မိုးသည်းထန်စွာ ရွာသွန်းလျှက်ရှိသဖြင့် ၎င်းတို့အတွက် စားရေးသောက်ရေး၊ အဝတ်အစားနှင့် နေရေးထိုင်ရေး အခက်အခဲများ ရင်ဆိုင်နေရကြောင်း သိရသည်။

တိုက်ပွဲဖြစ်ပွားသည့်နယ်မြေရှိ နယ်စပ်ကျောင်းမှ ကျောင်းဆရာ (၉)ဦးနှင့် ကျောင်းသူကျောင်းသား (၁၀၀)ကျော်မှာလည်း ထိုင်းဘက်ကမ်းသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး လက်ရှိအချိန်တွင် ပညာသင်ကြားရေးအပြင် နေရေးထိုင်ရေးနှင့် ကျန်းမာရေး အခက်အခဲများရှိသည်ဟုလည်း ဆရာတဦးဖြစ်သူ စောအဲကလူက ယခုလို ပြောသည်။

“ကျောင်းစဖွင့်တဲ့နေ့မှာပဲ တိုက်ပွဲဖြစ်လို့ ကျနော်တို့လည်း ကလေးတွေနဲ့အတူ ထိုင်းဘက်ကမ်းကို ထွက်ပြေးလာရတယ်။ ကျောင်းသူကျောင်းသားတွေက အသက် ၄နှစ်ကျော်က ၁၈နှစ်အထိရှိတယ်။ မိန်းကလေး (၆၈)ဦးနဲ့ ယောကျ်ားလေး (၆၁)ဦးဖြစ်ပြီး စုစုပေါင်း (၁၂၉)ဦးဖြစ်တယ်။ သူငယ်တန်းကနေ ခြောက်တန်းအထိရှိတယ်။ အခု ယာယီနေရတဲ့နေရာကလည်း တောတောင်ထဲမှာဆိုတော့ ကလေးတွေက မပျော်ဘူး။ အဖျားတက်တာ၊ အော့အန်တာ၊ ဝမ်းလျှောတာတွေဖြစ်နေတယ်”ဟု ဆရာစောအဲကလူက ဆိုသည်။

နအဖနှင့် ဒီကေဘီအေ ပူးပေါင်းတပ်ဖွဲ့သည် ကေအဲန်ယူ တပ်မဟာ(၇)နယ်မြေကို ဝင်ရောက်တိုက်ခိုက်ရာ ကေအဲန်အယ်လ်တပ်များနှင့် ဇွန်လ (၂)ရက်နေ့မှစ၍ ယနေ့အထိ တိုက်ပွဲပေါင်း (၆)ကြိမ်ဖြစ်ပွားခဲ့ပြီး ထွက်ပြေးရောက်ရှိလာသည့် ရွာသူရွာသားများကို ထိုင်းကျန်းမာရေးဌာနက လိုအပ်သည့် ဆေးဝါးကုသမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ လုပ်ဆောင်ပေးလျှက်ရှိသည့်အပြင် ထိုင်းနယ်ခြားစောင့်တပ်များကလည်း ဇွန်လဆန်းပိုင်းမှစ၍ ထိုင်း–မြန်မာနယ်စပ်တလျှောက်တွင် တပ်အင်အားများ ထပ်မံတိုးချဲ့ကာ စောင့်ကြည့်လျှက်ရှိသည်။

အလားတူ ထိုင်း–မြန်မာနယ်စပ် ဖားအံခရိုင်အတွင်းရှိ လယ့်ဘော်ဟဲပြည်တွင်းဒုက္ခသည်စခန်းမှ ဒုက္ခသည်စုစုပေါင်း (၁၂၆၄)ဦးကလည်း တိုက်ပွဲများကြောင့် လုံခြုံမှုမရှိသည့်အတွက် ဇွန်လ(၅)ရက်နေ့တွင် ထိုင်းဘက်ကမ်းသို့ တိမ်းရှောင်လာခဲ့ကြပြီး ၎င်းတို့အနက် ပြီးခဲ့သည့် မေလလယ်ပိုင်းအတွင်းက ဒီကေဘီအေတပ်များ၏ စစ်သားကောက်ခံမှုကြောင့် နေရပ်ရွာမှ ထွက်ပြေးလာသည့် ပိုင်ကျုံမြို့နယ်၊ ထီးပယ်ကျေးနယ်မှ ရွာသားများလည်း ပါဝင်သည်ဟု လယ့်ဘော်ဟဲစခန်းဥက္ကဌ စောတာစူးညား၏ ပြောပြချက်အရ သိရသည်။

မြဝတီမြို့နယ်၊ သင်္ကန်းညီနောင်အခြေစိုက် နအဖ တပ်မ(၂၂)၏ လက်အောက်ခံတပ်ရင်းများနှင့် တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) တပ်မဟာ(၉၉၉) လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များသည် ကေအဲန်ယူ ဖားအံခရိုင်၊ တပ်မဟာ(၇)နယ်မြေကို အပြုတ်တိုက်မည့် ရည်ရွယ်ချက်ဖြင့် ထိုသို့ထိုးစစ်ဆင်လျှက်ရှိရာ ကေအဲန်အယ်လ်အေဘက်မှလည်း အသင့်အနေအထားတွင် ရှိနေပြီး တိုက်ပွဲမှာ ဆက်လက်ဖြစ်ပွားသွားမည်ဖြစ်ကြောင်း ကေအဲန်ယူ တပ်မဟာ(၇)မှ ပေးပို့သည့် သတင်းများအရ သိရသည်။

ဖားအံခရိုင်အတွင်း၌ နအဖ တပ်မ(၂၂)လက်အောက်ခံ ခမရ(၃၃၈)၊ (၃၃၉)၊ (၂၀၃)၊ ခလရ(၈၁)နှင့် ဒီကေဘီအေ တပ်မဟာ(၉၉၉)၊ (၅၅၅)၊ (၃၃၃)တပ်ဖွဲ့ဝင်များ အခြေစိုက် လှုပ်ရှားလျှက်ရှိသည်။